

# OXFAM ၏ မဲခေါင်ဒေသ ရေအရင်းအမြစ်စီမံအုပ်ချုပ်မှု အစီအစဉ် အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း ဒုတိယကာလ (Inclusion Project PhaSE 2)

## စီမံကိန်း အပြီး ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်း

အပြီးသတ် အစီရင်ခံစာ၊ ၃၀ စက်တင်ဘာ၊ ၂၀၂၄

မာ့ခ်ဒီဇီ (အဖွဲ့ခေါင်းဆောင်)၊ မိုထီတမ်နှင့် ဘဆောင်သာဗီဇန် မစ်ဇက်တို့မှ စီမံရေးသားတင်သွင်းသည်

This project is supported by:

Australian Aid

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

Embassy of Switzerland

OXFAM

# ၁။အကျဉ်းချုပ်

**နောက်ခံအကြောင်းအရာ-** Oxfam ၏ မဲခေါင်ဒေသ စီမံအုပ်ချုပ်မှု၏ အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း (IP2) အား Oxfam နှင့် International Rivers (IR) တို့မှ စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများအဖြစ်ပူးပေါင်း၍ ၂၀၂၀ ခုနှစ် နှစ်လည်ပိုင်းမှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဆောင်ရွက်လုပ်ကိုင်ခဲ့သော စီမံကိန်း ပထမကာလ ( IP1) အပြီးတွင် ဤဒုတိယ-စီမံကိန်းကာလ IP2 ကို ဆက်လက်ဆောင်ရွက်ခြင်းဖြစ် ပြီး စီမံကိန်း ရန်ပုံငွေ ဩစတြေးလျဒေါ်လာ ၉ သန်းကို DFAT မဟာမဲခေါင်ဒေသ ရေအရင်းအမြစ် အစီအစဉ် (GMWRP) ၂၀၁၆-၂၀၂၀ အစီအစဉ်မှ Oxfam အား အဓိက အကောင်အထည်ဖော်ရေး အဖွဲ့အဖြစ် လက်တွဲ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

IP2 ကို ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဌာန (DFAT) က ထောက်ပံ့ခြင်းဖြစ်ပြီး ၂၀၂၁ မှ စတင်ကာ Swiss Agency for Development Cooperation (SDC) မှလည်း ထပ်မံ ကူညီထောက်ပံ့နေခဲ့သည်။ မူလ စီမံကိန်းကာလမှာ ၂၀၂၀ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ ဖြစ်ပြီး နောက်ပိုင်းတွင် ၂၀၂၅ ဧပြီလအထိ တိုးချဲ့ သတ်မှတ်ခဲ့သည်။ IP2 တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ DFAT မှ ဩစတြေးလျ ဒေါ်လာ ၅,၄၃၁,၇၀၅ ဖြစ်ပြီး Swiss Agency for Development Cooperation (SDC) မှ အမေရိကန်ဒေါ်လာ ၃,၄၆၇,၂၈၁ ထည့်ဝင်ထားသည်။ စီမံကိန်းကို Oxfam နှင့် International Rivers တို့ မိတ်ဖက်အဖြစ် ၂၀၂၄ ခုနှစ် ဇွန်လအထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၊ Oxfam တစ်ဖွဲ့တည်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လမှသည် ၂၀၂၅ ခုနှစ် ဧပြီလတွင် အပြီးသတ်သည်အထိ ဆောင် ရွက်မည်ဖြစ်သည်။

မဟာမဲခေါင်ဒေသမှ နိုင်ငံသားများအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လျှော့ချပြီး လူမှုတာဝန်ခံမှုများကို ပိုမို မြှင့်တင်နိုင်မည့် အားလုံးအကျုံးဝင်ပါဝင်နိုင်မှု ရှိသော၊ တန်းတူညီမျှမှုရှိသော၊ ရေရှည်တည်တံ့သော ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုတစ်ရပ် ရှိလာရေးကို IP-2 ကရည်မှန်းဆောင်ရွက်ပါသည်။ ဤစီမံကိန်း၏ မျှော်မှန်းချက်မှာ မဲခေါင်နှင့် သံလွင်မြစ်ဝှမ်းဒေသတွင် နေထိုင်ကြသည့် ရပ်ရွာအသိုင်းအဝိုင်းများတွင်းသည် ၎င်းတို့၏ ရေရှည်တည်တံ့သော သက်မွေးဝမ်းကျောင်းများရပိုင်ခွင့်ကို အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်ပါသည်။

**IP2 စီမံကိန်းတွင် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိက အပြောင်းအလဲနယ်ပယ်ကြီး ၃ ရပ်ရှိပါသည်။**

၁. အားလုံး အကျုံးဝင်ပါဝင်နိုင်မှု၊ ဂျန်ဒါ တန်းတူညီမျှမှုနှင့် အမျိုးသမီး ခေါင်းဆောင်မှု
၂. အရပ်ဘက်အဖွဲ့အစည်းများ ချိတ်ဆက်ပါဝင်နိုင်မှုနှင့် ကွန်ရက်ချိတ်ဆက်မှု
၃. အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ

၎င်းနယ်ပယ်သုံးရပ်ကို အောက်တွင် စီမံကိန်းရလဒ် သုံးခုအကြောင်း ဖော်ပြချက်တွင် အသေးစိတ်ဖော်ဆက်လက်တင်ပြသွားပါမည်။

**ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်း ရည်ရွယ်ချက် -** စီမံကိန်းအပြီး ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၁. အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း ဒုတိယကာလ (IP2) ၏ သက်ရောက်မှုများကို (ပြင်ဆင်သတ်မှတ်ခဲ့သော စီမံကိန်းသက်တမ်းတိုးကာလ ၂၀၂၅ ပြေီအထိ ) အပြောင်းအလဲသီအိုရီ (Theory of Change) နှင့်လည်းကောင်း၊လုပ်ဆောင်ချက်သီအိုရီ (Theory of Action) နှင့်လည်းကောင်း တိုက်ဆိုင်စစ်ဆေး သုံးသပ်ရန်။

၂. စီမံကိန်း၏ ချဉ်းကပ်ပုံများနှင့် မဟာဗျူဟာများသည် စီမံကိန်း၏ နောက်ဆုံး ရလဒ်နှင့် သက်ရောက်မှုများအပေါ် မည်မျှ ထည့်ဝင်ပတ်သက်မှု ရှိကြောင်း ဖော်ထုတ်ဆန်းစစ်ရန်

၃. ဤစီမံကိန်းမှ Oxfam၊ International Rivers နှင့် ၎င်းတို့ မိတ်ဖက်အဖွဲ့များအတွက် အတွက် ရရှိခဲ့သည့် သင်ခန်းစာများကို ဖော်ထုတ်သတ်မှတ်ကာ အဓိကအပြောင်းအလဲနယ်ပယ်များ၌ စီမံကိန်းများ ဆက်လက်လုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားဖွယ် အကြံပေးချက်များ ထုတ်နိုင်ရန်

ဤ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းကို မာ့ခ်ဒီဇီ (အဖွဲ့ခေါင်းဆောင်)၊ ဘောင်သာဗီဗန့် မစ်ဇက် နှင့် မိုထီတမ် တို့ သုံးဦးပါဝင်သော အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ။ ၎င်းတို့ အားလုံးသည် Oxfam ၏ မဲခေါင်ဒေသအတွင်း အားလုံးအကျုံးဝင်ပါဝင်စေမှု လုပ်ငန်းများနှင့် အတွေ့အကြုံများစွာ ရှိကြသူများဖြစ်ပါသည်။

ဤ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းကို IP2 ၏ စီမံကိန်း စီမံခန့်ခွဲမှုယူနစ် (PMU) က စီမံခန့်ခွဲကာ DFAT၊ SDC၊ Oxfam၊ International Rivers တို့မှ ကိုယ်စားလှယ်များပါဝင်သည့် Reference Group မှ ကြီးကြပ်မှုပေးခဲ့ပါသည်။ ဤ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်း အစတွင် ကနဦးအစီရင်ခံစာ (Inception Report) တစ်ခုနှင့် စတင်ခဲ့ပြီး စီမံကိန်းတစ်လျှောက် ထုတ်ပြန်ခဲ့သော စာရွက်စာတမ်းများကို ပြည့်ပြည့်စုံစုံ ပြန်လည်သုံးသပ်မှုများ၊ မဲခေါင်ဒေသအတွင်း ရှိ အဓိက ပတ်သက်ဆက်နွယ်သူများထံမှ အချက်အလက် ကောက်ယူခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ရပ်ရွာဒေသမှ အဓိကပါဝင်ပတ်သက်သူများ အပါအဝင် အခြား အဓိကကျသည့် သတင်းအချက်အလက်မျှဝေနိုင်သည့် သူများနှင့် အသေးစိတ် တွေ့ဆုံမေးမြန်းခြင်း (KII) နှင့် သီးသန့်အဖွဲ့လိုက် ဆွေးနွေးချက်များ (Focus Group Discussions) များကို ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့တွင် ဆောင်ရွက်ခဲ့ပါသည်။ လာအိုနိုင်ငံတွင်မူ စီမံကိန်းအတွက် နားလည်မှု သဘောတူစာချွန်လွှာ ရေးထိုးမှု တရားဝင် မရှိသည့်အတွက် အချက်အလက် ကောက်ယူရာတွင် ဗီယန်ကျင်းနှင့် လွှန်ပရာဘန်မြို့တို့မှ အဓိက ပတ်သက်ဆက်နွယ်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းသာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုင်းနိုင်ငံမှ ပါဝင်ပတ်သက်သူများ၊၊ မဲခေါင် ဒေသ အဆင့် ကိုယ်စားပြုနိုင်သော ပါဝင်ပတ်သက်သူများ ၊ နှင့် အခြားသက်ဆိုင်သူများအားလုံးကို အွန်လိုင်းမှသာ တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ခဲ့ကြပါသည်။

IP2 ၏ ရည်ရွယ်ချက်၊ တည်ဆောက်ပုံတို့နှင့် ဆီလျော်ကိုက်ညီမှု ရှိအောင် ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းကို ဂျန်ဒါအမြင်ရှုထောင့်မှ အထူးအလေးပေး လေ့လာခဲ့ပါသည်။

**အကန့်အသတ်များ -** အရေးအကြီးဆုံးအနေဖြင့် တင်ပြလိုသည့် အကန့်အသတ်ဖြစ်စေသည့်အကြောင်းအရာများ မှာ -

- နိုင်ငံအသီးသီးနှင့် ပါဝင်ပတ်သက်သူအသီးသီးတို့အကြား မျှခြေရှိနေအောင်ကြိုးပမ်းရန် မဖြစ်နိုင်ခြင်းအချက်။ ။ လှုပ်ရှားသွားလာနိုင်မှုကို လုံခြုံရေးအရ ကန့်သတ်မှုများမတူကြခြင်း၊ မြေပြင်တွင် စီမံကိန်းအလုပ်ကို တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်မှုပုံစံ မတူကြခြင်း၊ နိုင်ငံတွင်း လက်ရှိစီမံကိန်းလုပ်ငန်းစဉ်များ၏ လုပ်ဆောင်သည့် အရွယ်အစားများ မတူကြခြင်းတို့ကြောင့် စီမံကိန်းဆောင်ရွက်သည့် နိုင်ငံအသီးသီးနှင့် ပါဝင်ပတ်သက်သူအသီးသီးတို့ အကြား မျှခြေရင်းအခြေအနေကို ကျော်လွှားရန် အဆိုပါ ခက်ခဲသော နေရာများမှ ပါဝင်ပတ်သက်သူများကို များကို အွန်လိုင်းမှ ဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။
- ပုဂ္ဂလိကစီးပွားရေး ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် လုပ်ဆောင်နေသူများထံမှ တိုက်ရိုက် မှတ်ချက် ရရှိရန်ဆက်လက် ခက်ခဲနေခြင်းအချက်။ ဤအချက်သည် IP1 ကတည်းက ရှိခဲ့သည့် အခက်အခဲဖြစ်ပြီး IP2 အကောင်အထည်ဖော်မှု ကာလတွင်လည်း ဆက်ရှိနေသည့် အခက်အခဲဖြစ်သည်။
- အစိုးရကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သူများနှင့် တွေ့ဆုံမေးမြန်းနိုင်မှု မျှော်လင့်ထားသည်ထက် နည်းခဲ့ခြင်းအချက်။ သို့သော် လာအိုနှင့် ဗီယက်နမ်တွင်ဒေသန္တရ အစိုးရအရာရှိတို့ထံမှလည်းကောင်း၊ ကမ္ဘောဒီးယားတွင် နိုင်ငံအဆင့် အစိုးရအရာရှိများထံမှလည်းကောင်း အချက်အလက်များရရှိခဲ့ပါသသည်။
- အချို့သော ပါဝင်ပတ်သက်သူအနည်းငယ်နှင့် တွေ့ဆုံမေးမြန်းရန် ဆက်သွယ်ခွင့်တောင်းခဲ့သော်လည်း မေးခွင့်မရခဲ့ခြင်းအချက်။ ၎င်းတို့မှာ ဒေသအဆင့် IP2 လုပ်ငန်းစဉ်များအတွက် အရေးပါသူ အများစု ဖြစ်ပြီး နှစ်ဦးမှာ နိုင်ငံအဆင့် အစိုးရ အရာရှိကြီးများဖြစ်ကြသည်။
- ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းအဖွဲ့သည် အချိန်ဇယားကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးကြောင့်လည်းကောင်း အပြင်တွင် လူကိုယ်တိုင်တွေ့ဆုံလုပ်ဆောင်နိုင်ခဲ့ခြင်း မရှိခဲ့ကြပါ။ ၎င်းအားနည်းချက်ကို အွန်လိုင်းဆက်သွယ်ရေး (အသံရော၊ စာရေးသားခြင်းပါ) ကောင်းစွာ အသုံးပြုခြင်းအားဖြင့် ကာမိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း -** IP2 ကို စီမံကိန်းပထမကာလ (၂၀၁၆-၂၀၂၀) ကထက် ပိုမို၍ ကောင်းစွာ မှတ်တမ်းတင် စာရွက်စာတမ်း ပြုစုခြင်း ရှိလာပြီး ခွဲခြမ်းစိတ်ဖြာမှု ပိုမို နက်ရှိုင်းစွာ ရှိလာကြောင်းကိုလည်း တွေ့ရပါသည်။ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းကို နယ်ပယ်သတ်မှတ်ဆောင်ရွက် ရာ တွင် အထူးတန်ဖိုးရှိ အသုံးဝင်ခဲ့သော စာတမ်းများ ရှိပါသည်။ ပထမ တစ်ခုမှာ မဲခေါင်ဒေသ (GMS) ရှိ နိုင်ငံရေးနှင့် စီးပွားရေး ခွဲခြမ်း စိတ်ဖြာချက် (PEA) ပင်ဖြစ်သည်။ ၎င်းစာတမ်းမှာ မူလ ထုတ်ပြန်မှုနှင့် ၂၀၂၄ခုနှစ် မေလတွင် အသစ်တည်းဖြတ်ပြင်ဆင်ချက်မူဟူ၍ နှစ်မျိုးရှိပြီး နှစ်မျိုးလုံးသည် ဤဆန်းစစ်အကဲဖြတ်ချက်အတွက် တန်ဖိုးရှိခဲ့ပါသည်။ GEDSI စီမံကိန်းရေးဆွဲမှု စာရွက်စာတမ်းများ၊ လေ့လာစောင့်ကြည့်မှု၊ ဆန်းစစ်အကဲဖြတ်သုံးသပ်မှုနှင့် သင်ယူမှု (MEAL) မူဘောင်၏ တစ်

စိတ်တစ်ပိုင်းအဖြစ် Outcome Harvesting နည်းလမ်းကို အသစ် မိတ်ဆက် တင်ပြမှုက လည်း အသုံးဝင်ခဲ့ပါသည်။

အစိုးရများ တဖြည်းဖြည်း အာဏာရှင် ပိုဆန်လာကြခြင်းလားရာလမ်းကြောင်း၊ ဒေသတစ်ခု လုံးတွင် ဗဟိုထိန်းချုပ်မှု ပိုမြင့်လာခြင်း၊ ၎င်းအခြေအနေနှင့် ကျွဲကူးရေပါ ဖြစ်ပွားလာသော လူထုပါဝင်လှုပ်ရှားလုပ်ပိုင်ခွင့် နယ်ပယ်များ ကျဉ်မြောင်းလာမှု အစရှိသော ဒေသတွင်း ပြောင်းလဲလာသည့် အခင်းအကျင်းများနှင့် ယင်းအခြေအနေများအောက်တွင် ၊ ကြံ့ကြံ့ခံရုန်း ထနိုင်သော အရပ်ဘက်အဖွဲ့အစည်းများ၏ ဆန်းသစ်သော ကြံရည်ဖန်ရည်များ၊ IR ၊ Oxfam နှင့် IP-2 မိတ်ဖက်များ၏  လိုအပ်သလို တက်ကြွဖျတ်လတ်စွာ ပြောင်းလဲလုပ်ဆောင်နိုင်မှု နှင့်  ရနိုင်သမျှ လမ်းကြောင်းများကို အသုံးချ အလုပ်လုပ်နိုင်မှုတို့ သည် စီမံကိန်းအစီရင်ခံစာ နှင့် စာရွက်စာတမ်းများကို ပြန်လည်းသုံးသပ်ခြင်း မှ ဖော်ထုတ်နိုင်ခဲ့သော အရေးကြီးသည့် အကြောင်းအရာများဖြစ်သည်။ ။ ထို့ပြင်ရေအားလျှပ်စစ်မဟုတ်သည့် ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်သစ် ထုတ်လုပ်ခြင်း နည်းပညာများပေါ်ထွက်လာမှုသည် ရေအားလျှပ်စစ်နှင့် ရပ်ကွင်းလောင်စာ စွမ်းအင်ထုတ်လုပ်မှုကို ကြားဖြတ်ဟန့်တားနိုင်မှု ကောင်းစွာ ရှိလာ နိုင်သည်။ အလားတူ အားကောင်းသော အခြားအချက်မှာ အစိုးရနှင့် လူထုက ရာသီဥတု ပြောင်းလဲမှုသည် မြစ်ချောင်းအင်းအိုင်များနှင့် အခြားကဏ္ဍများကိုပါ  ထိခိုက်သက်ရောက် နိုင်ကြောင်း အမြင်ပွင့်လင်းလာခြင်း ဖြစ်ပါသည်။

ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်တွင် အပြောင်းအလဲသီအိုရီ (TOC) နှင့် လုပ်ဆောင်ချက် သီအိုရီ (TOA) တို့ကို PEA ပထမအကြိမ်အစီရင်ခံစာနှင့် ဒုတိယ အကြိမ် စီမံကိန်းနောက်ဆုံးနှစ်တွင် ပြန်လည်မွမ်းမံသည့် အစီရင်ခံစာ  နှစ်မျိုးစလုံးနှင့်ပါ အသေးစိတ် တိုက်ဆိုင်သုံးသပ်ခဲ့ပါသည်။ ထို့ပြင် အင်တာဗျူးတွင် အဓိကပါဝင်ခဲ့သူများ၏ စီမံကိန်း အကောင်အထည်ဖော်မှုအတွေ့အကြုံများနှင့်လည်း တိုက်ဆိုင်စစ်ဆေးခဲ့သည်။ ထို့နောက် အစိတ်အပိုင်း တစ်ခုချင်းကို သက်ဆိုင်ရာ စီမံကိန်း ရလဒ် တစ်ခုစီအောက် တွင် အသေးစိတ်လေ့လာခဲ့ပြီး တွေ့ရှိချက် ကဏ္ဍတွင် တင်ပြထားပါသည်။ ခြုံငုံဆိုရလျှင် ရွေးချယ်ခဲ့သည့် အကောင်အထည်ဖော်မှု မဟာဗျူဟာသည် ဆီလျော်မှု ရှိသည်ဟုတွေ့ ရပြီး တုမယောင်ကွဲပြားမှုများကို အလေးထားခြင်းဖြင့်လည်းကောင်း၊ ပြုပြင်လွယ်မှုရှိစွာ လည်းကောင်း အကောင်အထည်ဖော်ခဲ့ကြောင်း တွေ့ရသည်။ သတ်မှတ်ထားသည့် စီမံကိန်း ရလဒ်နယ်ပယ် သုံးခုလုံးတွင် အရေးကြီးသည့် တိုးတက်မှုများကို တွေ့ရသည်။ သို့သော် ရလဒ် ၃ ဖြစ်သည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် ရေအားလျှပ်စစ်စွမ်းအင်နှင့် ပြန်လည်း ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ နိုင်ငံတကာ နှုန်းစံသတ်မှတ်ချက်များလိုက်နာရေးနှင့်စပ်လျဉ်း ပြီး ကတိကဝတ်အကြီးစားများ ပေါ်ပေါက်လာရေးဟူသည့် အပြောင်းအလဲ ရည်မှန်းချက် သည် လက်ရှိ ဒေသတွင်း နိုင်ငံရေး စီးပွားရေး အခြေအနေများအရ အကောင်းမြင်လွန်းရာ ကျပါသည်။ ဤ ရလဒ်မှာ IP2 ၏ အချိန်ကာလသတ်မှတ်ချက် ၈ နှစ်တာ ကာလအတွက် သတ်မှတ်ထားခြင်းဖြစ်သောကြောင့် လာမည့် စီမံကိန်းကာလများအတွင်း တိုးတက်မှု တစ်စုံတစ်ရာ ထပ်မံ ရှိနိုင်သည်ဟု ခန့်မှန်းနိုင်ပါသည်။

## ရလဒ်တစ်ခုချင်းစီ၏ အဓိက လေ့လာချက်များနှင့် တွေ့ရှိချက်များမှာ -

# ရလဒ် ၁

## အမျိုးသမီးခေါင်းဆောင်များနှင့် ဖယ်ကြဉ်ခံအုပ်စုများ၏ ကိုယ်စားလှယ်များသည် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့များ၊ စွမ်းအင်မူဝါဒကဏ္ဍနှင့် စီမံကိန်းရေးဆွဲရေး ဖြစ်စဉ်များရှိ နိုင်ငံအဆင့်နှင့် ဒေသအဆင့် အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ရှားဆောင်ရွက်သူများအကြား ခေါင်းဆောင်မှုအခန်းကဏ္ဍများကို ရယူနေကြသည်။



Asia Women and Rivers Congress in Chaing Rai, Thailand

IP2 သည် ဤရလဒ်အပိုင်းတွင် မြင့်မားသော အောင်မြင်မှု အဆင့်ကို ရရှိခဲ့ကြောင်းတွေ့ရသည်။ သို့ရာတွင် ဒေသအတွင်းရှိ နိုင်ငံအသီးသီးတွင် အောင်မြင်မှု အဆင့်ကွဲပြားမှုလည်း ရှိနေပါသည်။ IP1 မှ လုပ်ငန်းများကို ဆက်လက်သယ်ဆောင်နိုင်မှုနှင့် ကနဦး အမျိုးသမီးခေါင်းဆောင်များ မွေးထုတ်လေ့ကျင့်မှုတို့သည် IP2 ၏ အောင်မြင်မှုအတွက် အထူးအရေးပါခဲ့သည့် လုပ်ငန်းများဖြစ်သည်။ အရေးကြီးသည့် ဦးတည်ချက်သစ်များနှင့် မဟာဗျူဟာသစ်များကို မိတ်ဖက်နှင့် ရပ်ရွာများတွင် အသုံးချခဲ့သည်။ အထူး အသိအမှတ်ပြုရမည်မှာ ရပ်ရွာပူးပေါင်းပါဝင်သော သုတေသနပုံစံအမျိုးမျိုး (Community Action Research) မှ တစ်ဆင့် ဆောင်ရွက်ကြပုံများဖြစ်သည်။ ကမ္ဘောဒီးယားတွင် Feminist Participatory Action Research(FPAR)၊ လာအိုနိုင်ငံတွင် ကျေးလက်လူထု (Sao Baan) ဟု အမည်ရသည့် သုတေသန နည်းလမ်း၊ ထိုင်းနိုင်ငံတွင် Tai Baan သုတေသနနည်းလမ်း၊ ယွမ်မြစ်နှင့် သံလွင်မြစ်ရေ ရေကြောင်းလွှဲခြင်း စီမံကိန်းတွင် လူထုဦးဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာချက်နည်းလမ်းများ ဖြစ်ကြပါသည်။ ဤစီမံကိန်းတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် မိတ်ဖက်အဖွဲ့များ၊ ရပ်ရွာလူထုများနှင့်  လူပုဂ္ဂိုလ်တဦးချင်းတို့သည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုဆိုင်ရာ ပါဝင်မှုနှင့် မိမိကိုယ်ကိုယ်ယုံကြည်မှုအပိုင်း၊ ရပ်ရွာအတွင်း သဟဇာတဖြစ်စွာပေါင်းစည်းနိုင်မှုနှင့် စည်းလုံးမှုအပိုင်း၊ ရပ်ရွာ၏ ပူပန်မှုများကို ကောင်းစွာ ဖော်ပြနိုင်မှုနှင့် အာဏာပိုင်များထံ တစ်သံတည်းဖြင့် ထိရောက်စွာ အရေးဆိုနိုင်မှုအပိုင်းတို့တွင် အပြောင်းအလဲကောင်းများစွာ ရှိကြောင်း ပြောဆိုကြပါသည်။ FPAR နှင့် အခြား ရပ်ရွာ အခြေပြု လုပ်ငန်းဆောင်ရွက်မှု သုတေသနများကို အမျိုးသမီးများ၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှု စွမ်းရည်ပိုင်းနှင့် ခေါင်းဆောင်မှု စဉ်ဆက်



Women of Kon Mom community fishery in Cambodia

မပြတ်ဖွံ့ဖြိုးရေးတို့ကို ထိရောက်စွာပံ့ပိုးပေးနိုင်သည့်  အလုံးစုံလွှမ်းခြုံမှု ရှိသော မဟာဗျူဟာများနှင့်လည်း ထပ်မံ အားဖြည့်ထားကြောင်းတွေ့ရသည်။ ၎င်းဗျူဟာများသည် အမျိုးသမီးများ၏ လက်တွေ့ဘဝ အခန်းကဏ္ဍများနှင့် လူမှုအဆင့်အတန်းများကို အရှိအတိုင်း ထည့်သွင်းစဉ်းစားမှုလည်း ရှိသည်။ ဤ မဟာဗျူဟာ၏ အဓိက အရေးပါသော အစိတ်အပိုင်းတစ်ခုမှာ နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင်း အမျိုးသမီး ခေါင်းဆောင်များ အချင်းချင်း ချိတ်ဆက်ထားသည့် ကွန်ရက်တစ်ခုရှိခြင်းပင်ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြား မိတ်ဖက်အဖွဲ့များက ဂျန်ဒါပိုင်း ခွဲခြမ်းစိတ်ဖြာချက်နှင့် လုပ်ငန်းတွင် ဂျန်ဒါဆိုင်ရာ သက်ရောက်မှုများကို ထည့်သွင်းဖော်ပြအစီရင်ခံမှု ပိုမိုတသမတ်တည်း ရှိလာစေရန် ကြိုးပမ်းမှုများ ရှိခဲ့သည်။ ထို့ပြင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများသည်လည်း ၎င်းတို့၏ စီမံကိန်းရေးဆွဲမှုနှင့် မဟာဗျူဟာချမှတ်မှုများတွင် ဂျန်ဒါသက်ရောက်မှု ဆန်းစစ်ချက်များကို သုံးလာကြသည်။ သို့သော် မူလမှန်းထားသည့် နှုန်းထက် နည်းပါးနေသေးသည်။ စီမံကိန်းသည် ငယ်ရွယ်သူအမျိုးသမီးများ၊ ဌာနေ တိုင်းရင်းသား အမျိုးသမီးများကို ရပ်ရွာ အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှု နေရာများတွင် အကျုံးဝင်မှုရှိစေရန် စဉ်ဆက်မပြတ်ကြိုးစားကြောင်းတွေ့ရသည်။ ထိခိုက်လွယ် ဝိသေသ စုဆုံမှု (Intersectionality) မူဘောင်များကို ကောင်းစွာ ထည့်သွင်းပေါင်းစပ်မှု ရှိကြောင်းလည်း တွေ့ရသည်။ မသန်စွမ်းပုဂ္ဂိုလ်များ (PWD) နှင့် လိင်တိမ်းညွတ်မှု ဂျန်ဒါဝိသေသဖော်ပြမှု စုံလင်ကွဲပြားသူများ (SOGIE) ကို ပါဝင်လာနိုင်စေရန် ကြိုးပမ်းမှုကမူ တသမတ်တည်း အားကောင်းမှု မရှိပါ။သို့ရာတွင် အရေးကြီးသည့် လုပ်ဆောင်ချက်များနှင့် အောင်မြင်မှု အချို့ကို တွေ့ရသည်။ ၎င်းတို့ကို အခြေခံပြီး နောင်အခါ ပိုမိုကျယ်ပြန့်သည့် လုပ်ထုံးလုပ်နည်းကောင်းများ တည်ဆောက်နိုင်ပါသည်။

အောင်မြင်မှုများကို ပြန်လည်သုံးသပ်ရာတွင် ဒေသတစ်ခုလုံးတွင် တသမတ်တည်းမရှကြောင်းတွေ့ရသည်။ စည်းရုံးလှုံ့ဆော်မှုနှင့် လေ့ကျင့် သင်တန်းများပေးနိုင်ခြင်း တွင်  အစိုးရ၏ စီမံမှုနှင့်  မည်မျှ ထိန်းချုပ်ကန့်သတ်မှု အခြေအနေများကြောင့် လည်းကောင်း၊ လုံခြုံရေး အနေအထား နှင့်  ၊ မိတ်ဖက်အဖွဲ့များနှင့် ရပ်ရွာလူထုတို့က ဂျန်ဒါ တန်းတူညီမျှမှု နိယာမများကို အခြေခံ နားလည်မှုအဆင့်တို့ကို လည်းကောင်း မူတည်၍  အောင်မြင်မှု အဆင့် အမျိုးမျိုး ကွဲပြားသည်ကို တွေ့ရသည်။ ထို့ပြင် အမျိုးသမီး ခေါင်းဆောင်များ၏ အစိုးရနှင့်သော်လည်းကောင်း၊ ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ အဓိကအရေးပါသူများနှင့် သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်မှုသည် ဒေသန္တရအဆင့်နှင့် တိုင်း/ပြည်နယ်အဆင့်များတွင် တသမတ်တည်း အားကောင်းကြောင်းတွေ့ရသည်။ သို့ရာတွင် ဒေသန္တရ အဆင့် အသိပညာနှင့် အရေးဆိုမှုများကို နိုင်ငံအဆင့်ကိုလည်းကောင်း၊ (မဲခေါင်) ဒေသအဆင့်ကိုလည်းကောင်း တင်ပြအရေးဆိုမှုနိုင်မှုတွင် အရေးပါသည့် လုပ်ဆောင်ချက်အချို့ကိုသာ တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် မိတ်ဖက်အဖွဲ့များနှင့် ရပ်ရွာများမှ အမျိုးသမီး ဦးဆောင်သူများသည် အစိုးရနှင့် ဆက်ဆံရေးပိုင်း၊ ဥပဒေပိုင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍပိုင်းတို့တွင် နိုင်ငံအဆင့်ထိရောက်အောင် ချိတ်ဆက်လုပ်ကိုင်နိုင်ခြင်း အောင်မြင်မှု ပိုမို မြင့်မားကြောင်း တွေ့ရသည်။ ၎င်းမှာ ရပ်ရွာအဆင့်စည်းရုံးလှုံ့ဆော်စုစည်းမှု အတွေ့အကြုံပိုမိုခိုင်မာခြင်း၊ အရေးဆိုမှုနှင့် လွှမ်းမိုးမှုတို့အတွက် နေရာပိုမိုရှိခြင်းတို့ကြောင့်လည်းဖြစ်ပါသည်။ ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုတွင် အားလုံးပါဝင်လာနိုင်မှု အတွက် ဦးတည့်သည့်  အနာဂတ်လုပ်ငန်းများတွင် အဓိက ဦးစားပေးဖြစ်သင့်သည့် အရာတစ်ခုမှာ ပိုမိုတသမတ်တည်းဖြစ်သော၊ ပေါင်းစပ်လုပ်ကိုင်မှု ပိုရှိသော ဒေသန္တရအဆင့်၊ နိုင်ငံအဆင့် နှင့် ဒေသအဆင့်ထိ ချိတ်ဆက်လုပ်ကိုင်မှု ရှိအောင် အားပေးမြှင့်တင်ခြင်းပင်ဖြစ်ပါသည်။

## ရလဒ် ၂

**မြစ်ချောင်းများကိုမှီခိုနေထိုင်သူ ရပ်ရွာများနှင့် သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက်သူများသည် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုမူဝါဒနှင့် စီမံကိန်းရေးဆွဲမှု ဖြစ်စဉ်များတွင် ဒေသန္တရ အဆင့်၊ နိုင်ငံအဆင့်နှင့် မဲခေါင်မြစ်ဝှမ်း ဒေသအဆင့်ထိ ချိတ်ဆက်ပါဝင်မှု၊ လွှမ်းမိုး အရေးဆိုမှုများ ပြုနေကြပြီး ထိခိုက်လွယ် လူမှုအုပ်စုများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကိုလည်း အားပေးမြှင့်တင်မှု ပြုလုပ်နေကြသည်။**



Learning exchange on community action research in Cambodia.

ဒေသန္တရ အဆင့်၊ နိုင်ငံအဆင့်နှင့် မဲခေါင်မြစ်ဝှမ်းဒေသအဆင့် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှု မူဝါဒပိုင်း၊ စီမံကိန်းရေးဆွဲမှုဖြစ်စဉ်များတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုကို IP2 တစ်လျှောက်တွင် အားကောင်းစွာ၊ တသမတ်တည်းဖြစ်စွာ အားပေး မြှင့်တင်မှုရှိနေခဲ့ပါသည်။ သို့ရာတွင် ထိုလုပ်ငန်းများကြောင့် မည်မျှလွှမ်းမိုးပြောင်းလဲမှု ပြုနိုင်ခဲ့သည်ဟူသည့်အတိုင်းအတာကို တပ်အပ်ပြောရန်ခက်ခဲပါသေးသည်။ အထက်ဖော်ပြပါ ရလဒ် ၁ တွင် တွေ့ခဲ့ရသည့်အတိုင်း ချိတ်ဆက်လုပ်ဆောင်မှုမှာ ဒေသန္တရအဆင့်များတွင်ပို၍ မြင်သာသည်။ ထို့ပြင် အရာထင်မှုမှာလည်း ထိုအဆင့်များတွင်သာ ပိုတွေ့ရပါသည်။ ရပ်ရွာလူထုများနှင့် အရပ်ဘက်အဖွဲ့အစည်းများက နိုင်ငံအဆင့်ကို တိုက်ရိုက်ချိတ်ဆက်လုပ်ဆောင်မှု ပြုနိုင်ခဲ့သည့် အရေးကြီး ဖြစ်ရပ်များ အပြင် ဒေသန္တရအဆင့်အား နိုင်ငံအဆင့်နှင့် ဒေသအဆင့်ထိရောက်အောင် ချိတ်ဆက်ပေးနိုင်ခဲ့သည့် အောင်မြင်မှုများလည်း ရှိပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် ခြုံငုံကိုယ်စားပြုပေးသည့် (Umbrella body) အရပ်ဘက်အဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသမီးနှင့် အခြား ရပ်ရွာအုပ်စုဝင် ခေါင်းဆောင်များအတွက် နိုင်ငံအဆင့်နှင့် ဒေသအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်ရန် နေရာဖန်တီးပေးနိုင်ခဲ့သည်။





Nine journalists from Thailand, Cambodia, Laos, Myanmar and Vietnam have been trained in reporting on GEDSI issues in water governance in October 2023, Thailand.

**မည်သည့် ချိတ်ဆက်လုပ်ကိုင်မှု လမ်းကြောင်းများမှာ လက်လှမ်းမီမှု အရှိဆုံးဖြစ်နိုင်ကြောင်း၊ မည်သည့် လုပ်ကိုင်မှုက အကျိုးသက်ရောက်မှုနှင့် ရလဒ် အကောင်းဆုံးရှိနိုင်ကြောင်း အကဲဖြတ်ဆန်းစစ်ခြင်းမှ ရလာသည့် တွေ့ရှိချက်များ အပေါ်မူတည်၍ အရေးကြီးသည့် မဟာဗျူဟာသစ်များကို မိတ်ဆက်ခြင်း၊ လုပ်ငန်းများအတွင်း ပေါင်းစပ်ထည့်သွင်းခြင်း ဆောင်ရွက်နိုင်ထားပါသည်။ ၎င်းတို့တွင် အောက်ပါ မဟာဗျူဟာများ ပါဝင်ပါသည်။**

- ရပ်ရွာလူထု၏ အသံများကို ကျယ်ပြန့်စွာ ထုတ်လွှင့်တင်ပြနိုင်ရန်သမရိုးကျမီဒီယာနှင့် မီဒီယာသစ် နှစ်မျိုးလုံးကို ထိရောက်စွာ သုံးစွဲခြင်း - ပုံမှန်ရှင်းလင်းချက်များ တင်ဆက်ခြင်း၊ မီဒီယာခရီးစဉ်များ သွားရောက်ခြင်း၊ ပိုမိုပွင့်လင်းသော မီဒီယာအခင်းအကျင်းများရရှိနိုင်သည့် နိုင်ငံများတွင် သတင်းသမားများကို သီးသန့်သင်တန်းများပေးခြင်းတို့ပါဝင်နိုင်သည်။ ကမ္ဘောဒီးယားတွင် ကျဉ်းမြောင်းစွာကန့်သတ်ထားသည့်ကြားမှ ရသမျှ မီဒီယာနယ်ပယ်ကို အကောင်းဆုံးဖြစ်အောင် အသုံးပြုနိုင်ခဲ့သည့် အမျိုးသမီးခေါင်းဆောင်များနှင့် ၎င်းတို့၏ ရည်မှန်းကြိုးပမ်းချက်များကို လူထုတိုက်ရိုက်ကြားသိနိုင်အောင်လုပ်ဆောင်သော လွတ်လပ်သော အမျိုးသမီးအသံ ရေဒီယိုထုတ်လွှင့်မှု အစီအစဉ် ရှိသည်။ ၎င်းကို IP2 က ထောက်ပံ့ထားပြီး လေလှိုင်းပေါ်မှ အမျိုးသမီးအသံ (Women On Air) အစီအစဉ်ဟု အမည်ရကာ ၎င်းကိုလည်း ဆက်လက် တိုးချဲ့လုပ်ဆောင်သင့်ပါသည်။ ဤလုပ်ငန်းစဉ်ကို ဆက်လက် အားဖြည့်ခဲ့သည့် အရာမှာ အနုစားအရေးဆိုရပ်တည်မှု (Soft advocacy) ဟု ခေါ်ကြသည့် အရေးဆိုမှု အမျိုးအစားအတွက် လူမှုမီဒီယာလမ်းကြောင်းများကို တတ်နိုင်သမျှ အကျိုးအရှိဆုံးဖြစ်အောင် အသုံးချခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီ အားနည်းသည့် ဒေသများ၌ပင် အစိုးရများသည် လူထု၏ ထင်မြင်ယူဆချက်အပေါ် အကဲဆတ် အလေးထားခြင်း ရှိကြောင်းကို နားလည်ခြင်းအားဖြင့် ဤသို့လုပ်ဆောင်ရမည်လည်းဖြစ်သည်။

- ရပ်ရွာ ပူးပေါင်းပါဝင်သည့် သုတေသန လုပ်ဆောင်ချက်များ ဥပမာ FPAR, Sao Baan နှင့် လူထုဦးဆောင်သည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ဆန်းစစ်ချက် People's EIA လုပ်ငန်းများတွင် အထောက်အထားအခြေပြု သုတေသနပြုခြင်း နည်းလမ်းများ ထည့်သွင်းပေါင်းစပ်ခြင်း။ ထို့ပြင် ပညာရှင်အဖွဲ့အစည်း တက္ကသိုလ်များ၊ အစိုးရ သုတေသီများနှင့် ပူးပေါင်း သုတေသနပြုလုပ်ခြင်း နှင့် ၊ ထို ရရှိလာသော အထောက်အထားများကို အသုံးပြုပြီး တိုက်ရိုက် ချိတ်ဆက်မှုများ လုပ်ဆောင်ခြင်း တို့သည်လည်း အလားတူ အရေးပါသည်။

- Mekong River Commission Secretariat (MRC အတွင်းမှ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အထူးသဖြင့် TROIKA) တို့နှင့် လည်းကောင်း၊ MRC နှင့် ကွန်ရက်ချိတ်ထားသည့် Cambodia National Mekong Committee Secretariat နှင့်လည်းကောင်း ပိုမိုနက်ရှိုင်းသော အဆက်မပြတ် ချိတ်ဆက်လုပ်ဆောင်မှု ရှိသင့်ပါသည်။ ၎င်းတို့ နှစ်ဖွဲ့လုံးက အရပ်ဘက်အဖွဲ့အစည်းများ၏ အသံကို ပွင့်လင်းစွာ အသိအမှတ်ပြုမှု ပြထားသောကြောင့်ဖြစ်ပါသည်။ IR၊ Oxfam နှင့် မိတ်ဖက်အဖွဲ့များ၏ ချိတ်ဆက်လုပ်ဆောင်နိုင်မှုနှင့် လွှမ်းမိုးနိုင်မှုသည် ပိုမိုမြင့်မားသည့် ပွင့်လင်းလက်ခံမှုပေါ်လာစေသည့် အကြောင်းရင်းခံလည်း ဖြစ်သလို ၎င်း၏ အကျိုးဆက်လည်းဖြစ်ပါသည်။ ဤနေရာတွင် MRC အား ဘဏ္ဍာရေး ထောက်ပံ့သူ အလှူရှင်များ၏ လွှမ်းမိုး ပါဝင်ပတ်သက်မှုအချို့ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

## ရလဒ် ၃

**က ဦးတည်ထားသော အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ လှုပ်ရှားလုပ်ဆောင်သူများသည် နိုင်ငံအဆင့်နှင့် ဒေသအဆင့် စံနှုန်းများ လုပ်ထုံးလုပ်နည်းကောင်းများကို လိုက်နာ ကျင့်သုံးရန်၊ အရပ်ဘက်အဖွဲ့အစည်း၏ အသံနှင့် ရှုထောင့်များကို ရေအားလျှပ်စစ်/ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မူဝါဒနှင့် အစီအစဉ်များတွင် ထည့်သွင်းရန် တဖြည်းဖြည်း ပိုမိုကတိကဝတ်ပြုလာကြခြင်း ရှိပါသည်။**

စာရွက်စာတမ်းများကို သုံးသပ်လေ့လာခြင်း၊ အဓိက ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေး ပြောဆိုခြင်း နှစ်ခုလုံးမှ တွေ့ရှိရသည်မှာ IP2 တွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့က လိုက်နာဆောင်ရွက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာကြောင်း ပြနိုင်မည့် အထောက်အထား နည်းပါးကြောင်းပင်ဖြစ်သည်။ သို့ရာတွင် ဤရည်ရွယ်ချက်မှာ ၈ နှစ်တာ စီမံကိန်း တစ်ခုအတွက် ရေရှည်မျှော်မှန်း ရည်ရွယ်ပြီး ချမှတ်ထားခြင်းလည်းဖြစ်သည်။ NCE ကာလအတွက် မူလရလဒ်ဖော်ပြချက်အား ပြင်ဆင်ချက်တွင် 'comply' လိုက်နာရန် 'commitment' ကတိကဝတ်များပြုခြင်း ဟု ရေးသားထားပြီး တိုးတက်မှု သိသာစွာ ရှိခဲ့ပါသည်။ အောက်တွင် အသေးစိတ် ဆက်ရှင်းပါမည်။




Nine journalists from Thailand, Cambodia, Laos, Myanmar and Vietnam have been trained in reporting on GEDSI issues in water governance in October 2023, Thailand.

အရေးကြီးသည့် တိုးတက်မှုများကို မျက်နှာစာပေါင်းစုံတွင် ရရှိခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ဆွေးနွေးမှုနှင့် အရေးဆိုလွှမ်းမိုးမှုများ ပြုနိုင်ရန်အတွက် လမ်းကြောင်းများ ဖန်တီးဖွင့်လှစ်ခြင်း၊ ၎င်းက အနာဂတ်တွင် ပြုလုပ်နိုင်မည့် လွှမ်းမိုးမှုအတွက် အရေးကြီးသည့် စုဖွဲ့မှုများ ရရှိလာနိုင်စေခြင်း၊အထူးသဖြင့် ဒေသတွင်း အစိုးရ တစ်ခုမဟုတ် တစ်ခုတွင်လည်းကောင်း နိုင်ငံအများတွင်လည်းကောင်း ပိုမိုအားကောင်းသည့် ဒီမိုကရေစီပွင့်လင်းမှု တစ်ရပ် ပေါ်ပေါက်လာချိန်တွင် အသုံးဝင်နိုင်ခြင်း၊ ရေအားလျှပ်စစ်အပေါ် ရင်းနှီးမြှုပ်နှံမှုသည် ငွေကြေး အကျိုးအမြတ် ရရှိမှု အားနည်းကြောင်း ပိုမို ထင်ရှားစွာ ပေါ်လာစေခဲ့ခြင်း၊ ရေရှည်တည်တံ့သော စွမ်းအင် ဆိုင်ရာ ရွေးချယ်မှုများကို နားလည်သိရှိသည့် လူထုတစ်ရပ်က ပေးသည့် ကြီးမားသည့်ဖိအားများ ပေါ်ပေါက်လာခြင်း တို့ဖြစ်သသည်။

## IP2 အတွေ့အကြုံမှ အထူးသတိပြုမိဖွယ်ရာ အချက်များမှာ -

- ဒေသတွင်းနိုင်ငံအများတွင် ကိစ္စရပ် အမျိုးမျိုး၌ အစိုးရ မူဝါဒရေးရာ ဖြစ်စဉ်များတွင် တိုက်ရိုက် ချိတ်ဆက်ပါဝင်ရန် လမ်းအပွင့်ဆုံး အကြောင်းအရာမှာ ဂျန်ဒါတန်းတူညီမျှမှုနှင့် GEDSI ဖြစ်သည်။
- ရေအားလျှပ်စစ် စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှုပိုင်း၊ ဘဏ္ဍာရေးဆိုင်ရာ ထိခိုက်နိုင်မှုတို့ကို ထိုင်းနိုင်ငံမှ ဘဏ်များက ပိုမို သိနားလည် လက်ခံလာကြခြင်း
- လူထုပါဝင်လှုပ်ရှားနိုင်သည့်နယ်ပယ် ( Civic Space) အလွန်ကျဉ်းမြောင်းနေသေးသော်လည်း လာအို နိုင်ငံအစိုးရနှင့် ဆက်သွယ်ရေး လမ်းကြောင်းအသစ်များ ရရှိခဲ့ခြင်း
- ဒေသန္တရ အဆင့်တွင်ရော အကြီးစားအဆင့်၌ပါ ရေအားလျှပ်စစ်မဟုတ်သော ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းများကို ကမ္ဘောဒီးယားအစိုးရက ပိုမိုပွင့်လင်းလက်ခံလာခြင်း
- ထိုင်းအဖွဲ့အစည်းများ၊ လှုပ်ရှားဆောင်ရွက်သူများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်မှု လမ်းကြောင်း

များ၊ လွှမ်းမိုးအရေးဆိုနိုင်မှုလမ်းကြောင်းများ ကွဲပြားစုံလင်စွာ ရှိလာခြင်း၊ ထိုင်းနိုင်ငံက ပြင်ပတွင် ရင်းနှီးမြှုပ်နှံသော အစီအစဉ်များ စီမံကိန်းများ၊ ထိုင်းနိုင်ငံသားများအပေါ် နိုင်ငံအချင်းချင်းကြားဆက်စပ် သက်ရောက်မှုရှိသည့် အကြောင်းအရာများနှင့် ပတ်သက်၍ပါ လွှမ်းမိုးအရေးဆိုနိုင်မှုလမ်းကြောင်းများ ရှိလာခြင်း

- ထိုင်းနိုင်ငံပြင်ပတွင် တည်ဆောက်သော်လည်း ထိုင်းလူထုအပေါ် နိုင်ငံဖြတ်ကျော်၍ ထိခိုက်သက်ရောက်မှု ရှိနိုင်သည့် အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့်ပတ်သက်ပြီး လေ့လာစောင့်ကြည့်ရန် ဖော်ထုတ်ဖြေရှင်းရန် ထိုင်းအဖွဲ့အစည်းများမှ ပို၍ အလေးပေးလုပ်ဆောင်မှုရှိလာခြင်း



The NHRC investigative meeting on Pak Beng dam in Chiang Kong, September 2023

နိုင်ငံအဆင့်နှင့် ဒေသအဆင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ မူဝါဒပိုင်းတွင် IP2 မှ ချိတ်ဆက်လုပ်ကိုင်မှုမှာ ၂၀၂၁ ကတည်းက စတင်ခဲ့သည်ဖြစ်သော်လည်း ကြီးမားသိသာသော မြေပြင်လုပ်ဆောင်ချက်များမှာမူ ၂၀၂၃ ခုနှစ်မှသာ စတင်ခဲ့သောကြောင့် ယနေ့အထိ ရလဒ် ကျဲပါးဆဲသာဖြစ်သည်။ အခြေအနေအခင်းအကျင်းဆိုင်ရာ မှတ်ချက်ပြုသင့်သည့် အချက်မှာ IP2 PMU သည် Oxfam နှင့် အခြား မိတ်ဖက်အဖွဲ့များ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်း RE မဟုတ်သော အခြားလုပ်ငန်းများ၏ ဖွဲ့စည်းပုံနှင့် လားရာကိုလည်း ကြီးကြီးမားမားပါဝင်ထောက်ကူထားခဲ့ပါသည်။ ထို့အချက်က IP2 ၏ ဤကဏ္ဍဆိုင်ရာ အလုပ်များကိုလည်း အကြီးအကျယ်အားဖြည့်နိုင်ခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွင်း ရနိုင်သမျှ လမ်းကြောင်းများနှင့် မဟာဗျူဟာများကို အသုံးပြုသည့် ချဉ်းကပ်ပုံနှင့် ပတ်သက်ပြီး IR၊ Oxfam နှင့် IP2 မိတ်ဖက်အဖွဲ့များကို အခြားသော လှုပ်ရှားဆောင်ရွက်သူများထံမှ အပြုသဘော မှတ်ချက်ကောင်းများစွာကိုလည်းရရှိထားသည်။ ဤနည်းအတိုင်း ဆက်လက် အသုံးပြုပါက မူဝါဒပိုင်းရော လက်တွေ့ လုပ်ဆောင်ချက်ပိုင်းပါ ပိုမို လက်ဆုပ်လက်ကိုင်ရှိ ထင်သာမြင်သာသော ရလဒ်များ ရလာနိုင်မည်ဟု မှန်းဆနိုင်ပါသည်။

## OECD-DAC စံနှုန်းသတ်မှတ်ချက်များနှင့် တိုက်ဆိုင် အကဲဖြတ်ဆန်းစစ်ချက်

စီမံကိန်းပုံစံ၊ စီမံခန့်ခွဲမှု၊ အကောင်အထည်ဖော်မှုနည်းလမ်းတို့နှင့်ပတ်သက်သည့် အချင်းအရာများကို အောက်ပါနယ်ပယ်တို့တွင် အဓိက ထည့်သွင်းစဉ်းစားဖြေရှင်းပါသည်။

ထိရောက်မှုနှင့် မြန်ဆန်သွက်လက်မှုအတွက်ဆိုလျှင် ဤစီမံကိန်းအတွက် IR နှင့် Oxfam အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် တန်ဖိုးမြင့်တက်မှု ရှိလာခြင်းကို အသိအမှတ်ပြုအပ်ပါသည်။ အတွေ့အကြုံနက်ရှိုင်းမှု၊

မိတ်ဖက်အဖွဲ့များ၏ ကွန်ရက်ချိတ်ဆက်မှု၊ ဒေသန္တရအဆင့်မှသည် နိုင်ငံစုံဒေသအဆင့်ထိ ချိတ်ဆက်မှုဆိုင်ရာ လုပ်သက် အတွေ့အကြုံပြည့်ဝမှုဟူသည့် အပြန်အလှန်အားဖြည့်သည့် အားသာချက်များနှင့် ပူးတွဲ အလုပ် လုပ်ခဲ့ကြသည်ကို တွေ့ရသည်။ သို့ရာတွင် ဤသို့ ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်ပုံစံသည် ဝန်ကျယ်နိုင်ပြီး ဘဏ္ဍာရေး လွှဲပြောင်းဖလှယ်မှုစရိတ်များလည်း အလွန်ကြီးမြင့်နိုင်ပါသည်။ SDC နှင့် DFAT တို့၏ ထောက်ပံ့ မှု ရှိသောကြောင့် အရင်းအမြစ်ပိုင်း၊ ဒေသတွင်းအခြား ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်မှု၊ စီမံကိန်း၏ လက်လှမ်းမီရောက်ရှိမှုတို့ များစွာ ပိုအားကောင်းခဲ့သည်။ သို့သော် လိုအပ်သည့် တာဝန်ခံမှု သတ်မှတ်ချက်များ ပြည့်မီနိုင်ရန်အတွက် စီမံခန့်ခွဲမှု ရင်းမြစ် လိုအပ်ချက်လည်း ပိုမို မြင့်တက်ခဲ့ပါသည်။

Oxfam ၏ ရှုပ်ထွေးသော အတွင်းပိုင်း ဖွဲ့စည်းတည်ဆောက်ပုံကြောင့် ရံဖန်ရံခါ မြန်ဆန်သွက်လက်မှု အားနည်းခဲ့ သည်။ အထူးသဖြင့် PMU နှင့် နိုင်ငံအလိုက် ဌာနများအကြားမှ ဆက်ဆံရေးတို့ နှေးကွေးခဲ့သည်။ အထူးသဖြင့် လာ အိုနိုင်ငံတွင် စီမံကိန်းသက်ရောက်မှုနှင့် ထိရောက်မှု အားပျော့ပျက်ပြယ်ခြင်း၊ စီမံခန့်ခွဲမှုစရိတ်များ မြင့်တက်လာခဲ့ ခြင်း ဖြစ်ရခြင်းမှာ ထို ဖွဲ့စည်းတည်ဆောက်ပုံ ရှုပ်ထွေးမှုကြောင့်လည်း အဓိက ပါခဲ့ပါသည်။

နိုင်ငံအလိုက် အကောင်အထည်ဖော်မှု အဆင့်နှင့် ပုံစံတို့ အလွန်ကွဲပြားလွန်းခြင်း၊ အောက်ခြေဒေသန္တရအဆင့်နှင့် နိုင်ငံအဆင့်၊ ဒေသအဆင့်တို့အကြား ချိတ်ဆက်မှု လစ်ဟာချက်များ ရှိခြင်းတို့ကြောင့် စီမံကိန်း၏ တသမတ်တည်း ညီညွတ်စွာဆောင်ရွက်နိုင်ကို မေးခွန်းထုတ်စရာဖြစ်ခဲ့ပါသည်။ ခြားနားလွန်း၍ ဆက်စပ်မရသည့် အစိတ်အပိုင်း များကို ပုံစံတူ ချဉ်းကပ်ပုံဖြစ်စေရေး စီမံထားကြောင်း၊ ထပ်မံတိုးတက်ရန် လိုသေးသော်လည်း လစ်ဟာမှုများ ကို အသိအမှတ်ပြုပြီး ဖြေရှင်းရန် ကြိုးပမ်းနေကြောင်း၊ အောက်ခြေအဆင့် ရပ်ရွာတို့မှ ကျားမ မရွေးလူထုသည် အားကောင်းသည့် ဘုံတူညီသောအခြေအနေများကိုနားလည်သိရှိပြီး ဦးစားပေးမှုများကို အသိအမှတ်ပြုထား ကြောင်း ဤ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်းမှ တွေ့ရှိရပါသည်။ အောက်ခြေရပ်ရွာခေါင်းဆောင်များကို နိုင်ငံ အဆင့် ဒေသအဆင့် တွေ့ဆုံစေခြင်း၊ တွေ့ဆုံမှုမှ တစ်ဆင့် ကွန်ရက်ချိတ်ဆက်မှုရှိစေခြင်း လုပ်ငန်းများမှ တစ်ဆင့် ဤသို့ အသိအမှတ်ပြုကြောင်းအချက်ကို သေချာစွာ တွေ့ရှိရပါသည်။

ရေရှည်တည်တံ့မှုအကြောင်း သိနားလည်ခြင်း ထင်ရှားစွာ ရှိကြောင်း ဒေသန္တရရပ်ရွာများ၊ အဖွဲ့အစည်းနှင့် ကွန်ရက်များအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် အားပေးမြှင့်တင်မှု၊ ၎င်းတို့ အချင်းချင်းအကြား အထောက်အကူပေးစေမှု တို့မှတစ်ဆင့် တွေ့ရသည်။ Oxfam နှင့် IR တို့၏ ဒေသတွင်း ကျွမ်းကျင်မှုကို အကောင်းဆုံး အသုံးချခြင်းကို ကြ ည့်လျှင်လည်း ဤသို့ သိနိုင်ပါသည်။ သို့ရာတွင် လက်ရှိ လုပ်ငန်း အရှိန်အဟုန်ကို ဆက်လက် ထိန်းထားလိုပါက ဒေသန္တရ လူ့ပ်ရှားဆောင်ရွက်သူများနှင့် ကွန်ရက်များကို အရင်းအမြစ် ဆက်လက် ထောက်ပံ့ခြင်း လိုအပ်မည်မှာ အထင်အရှားဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအကူအညီများတွင် ရပ်ရွာအဖွဲ့အစည်းများကို ထောက်ပံ့ကူညီရန် အစိုးရများကို ဝိုင်းဝန်းအရေးဆိုခြင်းလည်း ပိုမို ပါဝင်သင့်သည်။ ၎င်းက အစိုးရများ၏ တရားဝင် ရပ်တည်ချက်များ နှင့်လည်း ကိုက်ညီမှု ရှိပါသည်။ မိတ်ဖက်အဖွဲ့များက ရပ်ရွာလူထုများအတွင်း ဆက်လက် လုပ်ကိုင်နိုင်ရေးသည် မြေပြင်တွင်း ချက်ချင်းလုပ်ဆောင်ရန်လိုအပ်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ၎င်းတို့မှ ဖြည့် ဆည်းနိုင်သည့် စွမ်းရည်အပေါ် မူတည်သလို ရေလတ်အဆင့် လွှမ်းမိုးအရေးဆိုမှု လုပ်ဆောင်နိုင်စွမ်းအပေါ်လည်း မူတည်ပါသည်။

ချိတ်ဆက်မေးမြန်းခဲ့သော ပတ်သက်ဆက်နွှယ်သူများ၏ ထုတ်ဖော်ပြောဆိုမှုတို့အရ စီမံကိန်း၏ ဆီလျော် သက်ဆိုင်မှုရှိကြောင်း ရှင်းလင်းပြတ်သားမစွာ တွေ့ ရှိရသည်။ အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း IP ကို

သတ်မှတ်ထားသည့်အတိုင်း ၈ နှစ်တာ ကာလအထိ ဆက်လက် လုပ်ဆောင်မည်ဆိုပါက၊ ဒေသတွင်းမှ နိုင်ငံရေး အလားအလာ ရေစီးကြောင်းများကိုလည်း ထည့်သွင်း စဉ်းစားမည်ဆိုပါက၊ ရလဒ် ၃ ကို ရရှိနိုင်စွမ်းအတိုင်းအတာ မရှင်းလင်းသေးသော်လည်း အမျိုးသမီး ခေါင်းဆောင်မှုမြှင့်တင်ခြင်း၊ ဖယ်ကြဉ်ခံရပ်ရွာများနှင့် လူမှု အုပ်စုများကို ပိုမို ပြည့်ဝစွာ ပူးပေါင်းပါဝင်စေရေး နှင့် အရပ်ဘက် အဖွဲ့အစည်းများအား ရှင်သန်အားကောင်းအောင် လုပ်ဆောင်ခြင်း တို့သည် သက်ဝင်လှုပ်ရှားပြောင်းလဲနေသည့် ဒေသတွင်း အခင်းအကျင်းတွင် လွန်စွာ အရေးပါလှသည်။

## အကြံပြုချက်များ

အလှူရှင် အဖွဲ့အစည်းများထံမှ ကြီးမားများပြားသော အလှူငွေတစ်ရပ်ကို အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း IP အတွက်သော်လည်းကောင်း၊ အလားတူ အဆက်အစပ်ရှိသည့် အခြားဒေသတွင်း အစီအစဉ်များကို လည်းကောင်း ဆက်လက်ပေးအပ်နေလိမ့်မည်ဟူသည့် ယူဆချက်ဖြင့် အောက်ပါ အကြံပြုချက်များကို ပြုစုတင်ပြ အပ်ပါသည်။

အကြံပြုချက်များကို IP2 အကောင်အထည်ဖော်မှုလုပ်ငန်းမှ တွေ့ရှိခဲ့ရသည့် ကြီးမားသည့် အားသာချက်များကို အခြေခံပြီး တင်ပြထားခြင်းဖြစ်သည်။ ရှေ့ဆက်မည့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ သင်ခန်းစာယူပြုပြင် သင့်သည့် အပိုင်းများကိုလည်းကောင်း ဤ အကြံပြုချက်များတွင် တွေ့မြင်နိုင်ပါသည်။ ဤတင်ပြချက်တွင် လက်ရှိ IP2 အကောင်အထည်ဖော်မှုပုံစံအားလုံးကို လွှမ်းခြုံခြင်း မရှိပါ။ လာမည့် အကောင်အထည်ဖော်မှု လုပ်ငန်း တိုင်းတွင် ရလဒ် နယ်ပယ် ၃ ခုလုံး အောက်တွင်တွေ့ခဲ့သည့် အောင်မြင်မှုများ၊ OECD-DAC စံနှုန်းသတ်မှတ် ချက်များသည် ရှေ့ဆက် အကောင်အထည်ဖော်မှု အားလုံး၏ အခြေခံအဖြစ် ဆက်လက် ကျင့်သုံးရမည်ဟူသည့် ယူဆချက်နှင့် အောက်ပါစာရင်းကို ဖတ်ရှုသင့်ပါသည်။

### ရှေ့ဆက်လုပ်ဆောင်မည့် စီမံကိန်း ပုံစံများအတွက်

၁. IP2တွင် လုပ်ဆောင်ခဲ့သည့် အမျိုးသမီး ခေါင်းဆောင်မှုကို မြှင့်တင်ထောက်ပံ့သည့် ပုံစံများကို သီးသန့် မှတ်တမ်းတင်ကာ ပိုမိုကျယ်ပြန့်စွာ ဖြန့်ကျက် မျှဝေသင့်ပါသည်။ ကနဦးသုံးခဲ့သည့် နိုင်ငံများအပြင် အခြားနေရာများတွင် ဆီလျော်စွာ ပြုပြင်ပြောင်းလဲသုံးနိုင်ရန်ဖြစ်စေ၊ အခြား စီမံကိန်း အခြေအနေများ တွင်ဖြစ်စေ အသုံးချနိုင်ရန် ရည်ရွယ်မျှဝေသင့်သည်။ ဤပုံစံများသည် လာမည့် အားလုံးအကျုံးဝင်ပါဝင် စေမှု စီမံကိန်း အဆင့်တိုင်းအတွက် အရေးကြီး ပုံစံတစ်ခုဖြစ်သင့်ပါသည်။

၂. အမျိုးသမီး ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် လာမည့် လုပ်ငန်းစဉ်များတွင် ဂျန်ဒါအစဉ်အလာ ကျင့်ရိုးကျင့်စဉ် တလျှောက် အမျိုးသမီး တစ်ဦးချင်း၏ ဘဝဇာတ်လမ်းများ၊ ၎င်းအပြောင်းအလဲများ က ညွှန်းဆိုနေသော အသွင်ပြောင်းလဲမှု လမ်းကြောင်းများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့် မှတ်တမ်းတင်မှု တစ်ရပ် ပါဝင်သင့်ပါသည်။

၃. ရပ်ရွာအဆင့်မှ နိုင်ငံနှင့် ဒေသအဆင့်ထိ အမျိုးသမီး ခေါင်းဆောင်မှုကို ဆက်လက်မြှင့်တင်ခြင်း လုပ်ငန်းစဉ်သည် လာမည့် စီမံကိန်း အဆင့်များတွင် အဓိက အာရုံစိုက်မှုဖြစ်သင့်သည်။ IP2 မှ ရရှိခဲ့သည့် အောင်မြင်သော လုပ်ထုံးလုပ်နည်းများနှင့် သင်ယူသိရှိမှုများကို အတည်ပြုခြင်း ဆက်လက်ချဲ့ထွင်ဆောင်ရွက်ခြင်းတို့ ပြုရမည်ဖြစ်သည်။

၄. မသန်စွမ်းများ၊ SOGIE ကွဲပြားစုံလင်သူများ၊ အခြား ဖယ်ကြဉ်ခံ လူအုပ်စုများ အကျုံးဝင်ပါဝင်နိုင်မှု ရှိစေရေးအတွက် ပိုမိုရှင်းလင်းပြီး ပိုမို အဆက်အစပ်ရှိသည့် မဟာဗျူဟာတစ်ရပ်လိုအပ်သည်။ အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း ၏ ရှေ့ဆက်မည့် စီမံကိန်းကာလ အပိုင်းတိုင်းတွင် IP2 မှ  အောင်မြင်မှုရှိခဲ့သော ကွဲပြားစုံလင်သည့် နမူနာများကို အဓိကထား သင်ခန်းစာယူပြီး ကျင့်သုံးသင့်ပါသည်။ OPDs နှင့် SOGIE ကွဲပြားစုံလင်သူတို့အတွက် အဖွဲ့အစည်းများကို တိုက်ရိုက်ချိတ်ဆက်ဆွေးနွေးပြီး ဤနည်းလမ်းကို ပုံစံထုတ်သင့်ပါသည်။

၅. ဌာနေတိုင်းရင်းသား အမျိုးသမီး ခေါင်းဆောင်မှု အားပေး မြှင့်တင်ခြင်းကို IP2 တွင် ကောင်းစွာဆောင်ရွက်နိုင်ခဲ့ပြီး ရှေ့ဆက်၍လည်း မွမ်းမံခြင်း၊ ချဲ့ထွင်ဆောင်ရွက်ခြင်းကို မဲခေါင်ဒေသကြီး တစ်ခုလုံးတွင်ပြုလုပ်သင့်ပါသည်။ ကမ္ဘာအဆင့် ဌာနေတိုင်းရင်းသားအမျိုးသမီး လှုပ်ရှားတက်ကြွမှု အချိတ်ဆက်များ ပေါ်ပေါက်ရေးကိုလည်း အားပေးသင့်ပါသည်။

၆. IP2 ၏ အစိတ်အပိုင်းအားလုံးတွင်  လူငယ်များ၏ စိတ်ဝင်စားပါဝင်မှုဦးစားပေး လုပ်ငန်းများမှ ရရှိသော သင်ခန်းစာအရ ရှေ့ဆက်မည့် လုပ်ငန်းများတွင် လူငယ်မဟာဗျူဟာသီးသန့် ရေးသား သတ်မှတ်သင့်ကြောင်း တွေ့ရပါသည်။

၇. အလှူရှင် အဖွဲ့အစည်းများကို အားကိုးခြင်း မပါဘဲ ရပ်ရွာ ငါးဖမ်းလုပ်ငန်းအဖွဲ့များနှင့် အခြားသောအောက်ခြေရပ်ရွာနှင့် ကွန်ရက်များကို စဉ်ဆက်မပြတ် အရင်းအမြစ် ထောက်ပံ့ခြင်း ပြုနိုင်မည့်လမ်းကြောင်းနေရာများကို ဦးစားပေး လုပ်ငန်းတစ်ရပ်အနေနှင့် ရှာဖွေရန် လိုအပ်သည်။ အထူးသဖြင့်ပြည်တွင်းမှ အစိုးရ ငွေထောက်ပံ့မှု လမ်းကြောင်းများအတွက် ရပ်တည် အရေးဆိုမှု လုပ်ရန် လိုသည်။

၈. လုပ်ငန်း အကောင်အထည်ဖော်မှုပိုင်းတွင် မိတ်ဖက်ပြုမှု ပုံစံများ မည်သို့ ဆင့်ကဲပြောင်းလဲတိုးတက်လာနိုင်မည်ဖြစ်ကြောင်း အာရုံစိုက်ရှာဖွေသင့်သည်။ ရပ်ရွာ အဖွဲ့အစည်းများ၏ အင်အားတဖြည်းဖြည်း ပိုမိုတိုးတက်လာသည်ကို အသိအမှတ်ပြုခြင်းအားဖြင့် ထိုသို့ လုပ်ဆောင်ရမည်ဖြစ်သည်။ ရပ်ရွာ အဖွဲ့များအနေနှင့် ကြားဝင် ဆောင်ရွက်ပေးသော အရပ်ဘက်အဖွဲ့အစည်း မိတ်ဖက်များ အပေါ် အားကိုးမှီခိုရခြင်းများ လျှော့ချနိုင်မည့် လမ်းကြောင်းများကို ရှာဖွေရမည်။

၉. နိုင်ငံတစ်နိုင်ငံစီ၏ နိုင်ငံရေးနှင့် စီးပွားရေး အခင်းအကျင်း၊ လူထုပါဝင်လှုပ်ရှားနိုင်သည့်နယ်ပယ် အကြီးအကျယ်ကွာခြားချက်တို့ကို အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်း အနာဂတ် အဆင့်အားလုံး၏ အပြောင်းအလဲသီအိုရီတွင် တိကျစွာ ရှင်းလင်းဖော်ပြမှု ရှိရမည်။ ထို့ပြင် လုပ်ဆောင်ချက် သီအိုရီ တွင်လည်း ရှင်းလင်းစွာ ထင်ဟပ်မှု ရှိရမည်။

၁၀. အားလုံးအကျုံးဝင်ပါဝင်စေမှု စီမံကိန်းအား နောက်စီမံကိန်းကာလတစ်ခု အနာဂတ်တွင် ထပ်မံ ရေးဆွဲသည့်အခါဒေသန္တရ ခေါင်းဆောင်မှုကို အောင်မြင်စွာ အားပေးမြှင့်တင်ခြင်း၊ ပါဝင်စေခြင်းနှင့် ၎င်း

ခေါင်းဆောင်မှု ရှိစေရန် လွှမ်းမိုးတိုက်တွန်းခြင်းတို့သည် နိုင်ငံအဆင့်နှင့် ဒေသအဆင့် ချိတ်ဆက်မှုနှင့် လွှမ်းမိုးမှုတို့ဖြစ်ပေါ်အောင်မည်သို့ ကူညီ ထောက်ပံ့နိုင်ကြောင်း ရှင်းလင်းတိကျစွာ ဖွင့်ဆိုချက် ပါဝင်သင့်ပါသည်။ ထို့ပြင် အကြံပြုချက် ၄ တွင် ပါဝင်သည့်အတိုင်း နိုင်ငံအလိုက် အခြေအနေကွာခြားချက်များ၊ အကန့်အသတ်များကိုလည်း အသိအမှတ်ပြုမှု ရှိသင့်ပါသည်။

၁၁.ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းစဉ်များကို အားပေးမြှင့်တင် ထောက်ပံ့ရေးအတွက် ပို၍ အသေးစိတ်ဖြစ်သည့် မဟာဗျူဟာ တစ်ရပ်ကို လာမည့် အစီအစဉ်တိုင်းတွင် ရေးသားချမှတ်သင့်သည်။ အထူးသဖြင့် DFAT အထောက်အပံ့ရယူသည့် အခြားသော စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု ဖြစ်နိုင်ခြေများကို ရှာသင့်သည်။

၁၂.IP2 အကောင်အထည်ဖော်မှု ကာလတစ်လျှောက် လူမှုမီဒီယာ နှင့် သမရိုးကျမီဒီယာများ အသုံးပြုမှုနှင့်ပတ်သက်ပြီး ရရှိသည့် သင်ခန်းစာများကို သေချာစွာ မှတ်တမ်းတင်ပြီး ခွဲခြမ်းစိတ်ဖြာမှုပြုကာ လာမည့် လုပ်ငန်းစဉ်များတွင် မဟာဗျူဟာအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းသင့်သည်။ အနာဂတ် မီဒီယာ လုပ်ငန်းစဉ်တွင် အောင်မြင်မှု ဖြစ်စဉ်များ မျှဝေခြင်း၊ ရပ်ရွာနှင့် ဂျန်ဒါဆိုင်ရာ မူဝါဒစဉ်းစားချက်များ ထားရှိရန် အရေးပါမှုကို ပြသသည့် အချက်အလက်များ မျှဝေခြင်းတို့ ပါဝင်သင့်သည်။

၁၃.ပညာရှင် အဖွဲ့အစည်း တက္ကသိုလ်များနှင့်ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်းမှ သင်ခန်းစာများကိုလည်း နောင်အခါ မဟာဗျူဟာ ဖော်ထုတ်သတ်မှတ်မှုအတွက် မှတ်တမ်းတင်သင့်သည်။ ၎င်းပူးပေါင်းမှုများသည် လွှမ်းမိုးအရေးဆိုမှုအတွက် တိုက်ရိုက်ပူးပေါင်းကြိုးပမ်းမှုများပြုလုပ်ရန်သော်လည်းကောင်း၊ ရပ်ရွာက လွှမ်းမိုးအရေးဆိုမှုများပြုလုပ်ရာတွင် အထောက်အထား အခြေပြုနည်းလမ်းများ အသုံးချတတ်အောင် အားပေး မြှင့်တင်ခြင်း အတွက်သော်လည်းကောင်းဖြစ်နိုင်ပါသည်။ ဤအပိုင်းနှင့် ပတ်သက်ပြီး လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များမှာ -

- သုတေသန ပူးပေါင်းပြုလုပ်မှုကို အားကောင်းစေခြင်း ။ ။ ဒေသန္တရ တက္ကသိုလ်များနှင့် နိုင်ငံတကာ သုတေသန အဖွဲ့အစည်းများအကြား မိတ်ဖက်ပြုမှု ပိုမို ရှိစေခြင်းဖြင့် သင့်တော်သောအချက်အလက်များ ပေါ်ထွက်လာစေရန်၊ ရပ်ရွာနှင့် ဂျန်ဒါ ပြဿနာများကို ဦးတည်ဖြေရှင်းသည့် အထောက်အထား အခြေပြု လေ့လာမှုများ ပိုမို ပေါ်ထွက်လာစေရန်
- ဒေသတွင်း ပညာရှင်သုတေသီများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း။ ။ ဂျန်ဒါလေ့လာမှု၊ ရပ်ရွာ ဖွံ့ဖြိုးရေးနှင့် မူဝါဒ ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ သုတေသန နည်းလမ်းများ ရင်းနှီးထားသူ ဒေသန္တရ သုတေသီများအတွက် သင်တန်းနှင့် အရင်းအမြစ်များ ပေးခြင်းအားဖြင့် ဆွေးနွေးချက်များဆီ ထိရောက်စွာ ထည့်ဝင်ကူညီနိုင်မှု စွမ်းရည်ကို မြှင့်တင်ပေးရန်
- ထုတ်ဝေမှုနှင့် ဖြန့်ချိမှု။ ။ သုတေသန တွေ့ရှိချက်များကို ပညာရပ်ဆိုင်ရာ စာစောင်များနှင့် ရေပန်းစားသည့် မီဒီယာများတွင်ပါ ထုတ်ပြန်ခြင်းအားဖြင့် အများမြင်သာမှုနှင့် လက်လှမ်းမီမှု ပိုမို မြင့်တက်လာနိုင်သည်။ ထိုအခါ တွေ့ရှိချက်များသည် မူဝါဒ ရေးဆွဲသူများအပါအဝင် ပိုမို ကျယ်ပြန့်သည့်လူထုပရိသတ်အုပ်စုဆီ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။
- မူဝါဒဆိုင်ရာ ရှင်းလင်းချက်များနှင့် အကြံပြုချက်များ။ ။ သုတေသန တွေ့ရှိချက် အခြေခံသော၊ အကောင်အထည်ဖော်နိုင်ရန် အတိအကျအကြံပြုချက်များ ပါဝင်သော တိကျပြီး

အထောက်အထား အခြေပြုသည့် မူဝါဒဆိုင်ရာ ရှင်းလင်းချက်များဖော်ထုတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်းဖြင့် ၎င်းက ဆွေးနွေးဖလှယ်မှုကို လက်ခံရန် ပွင့်လင်းမှု ရှိသည့် မူဝါဒရေးဆွဲသူများဖြစ်စေ၊ အစိုးရ ဌာနများကိုဖြစ်စေ ဦးတည်မှု ရှိသင့်သည်။

- မူဝါဒဆိုင်ရာ ဆွေးနွေးချက်များတွင် ချိတ်ဆက်ပါဝင်ခြင်း။ ။ ပညာရှင်သုတေသီများ၊ မူဝါဒရေးဆွဲသူများ၊ ရပ်ရွာ ကိုယ်စားလှယ်များပါဝင်သည့် တရားဝင်ပြုလုပ်လေ့ရှိသည့် ဆွေးနွေးပွဲ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ မျက်နှာစုံညီ စည်းဝေးပွဲများ ကျင်းပသည့် အခါများတွင် သုတေသန တွေ့ရှိချက်များနှင့် ၎င်းတို့၏ မူဝါဒအပေါ် သက်ရောက်မှုများကို ချပြဆွေးနွေးသင့်သည်။

၁၄.IP2 အကောင်အထည်ဖော်မှုအဆင့်အသီးသီးတွင် ယနေ့အထိ ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့ရာတွင်ကြုံရသည့် အောင်မြင်မှုများ၊ အကန့်အသတ်များကို Oxfam နှင့် International Rivers တို့ ပူးပေါင်း၍ ပြန်လည် သုံးသပ်သင့်သည်။ ထိုသို့သုံးသပ်သည့်အခါ အရပ်ဘက်အဖွဲ့အစည်း၊ မီဒီယာ၊ တက္ကသိုလ် သုတေသီနှင့် အခြားသုတေသီများမှတဆင့်သုံးသပ်နိုင်သည်။ ရေအားလျှပ်စစ် ကုမ္ပဏီများ၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လုပ်ရှားဆောင်ရွက်သူများအနက် မည်သူတို့ကို အောင်မြင်စွာ လွှမ်းမိုးအရေးဆိုမှု ပြုရန် အဓိက ဦးတည်ပစ်မှတ်ထားသင့်ကြောင်း ပြသည့် မဟာဗျူဟာတစ်ရပ် ဖော်ဆောင်သတ်မှတ်သင့်သည်။

## လုပ်ငန်းဆောင်ရွက်မှုနှင့် တည်ဆောက်ပုံဆိုင်ရာ ပြဿနာများ

၁၅.အလှူရှင်နှင့် ချိတ်ဆက်ပတ်သက်မှု၊ ဆက်သွယ်ရေးနှင့် တာဝန်ခံမှု သတ်မှတ်ချက်များနှင့် စပ်လျဉ်းသော နားလည်မှု လွဲမှားနိုင်သည့် အချက်များကို ဖြေရှင်းရန် ဦးစားပေးသင့်သည်။ အလှူရှင်နှင့် ချိတ်ဆက်နိုင်မှု၊ စီမံကိန်းအပေါ် ထည့်ဝင်ကူညီမှု အမြင့်ဆုံးဖြစ်စေရန်၊ အလှူရှင်များဘက်မှ တာဝန်ခံမှု သတ်မှတ်ချက်များ တတ်နိုင်သမျှ သဟဇာတ ဖြစ်စေရန် ဦးတည်သင့်သည်။

၁၆.Oxfam ၏ ဒေသအဆင့် စီမံကိန်း စီမံခန့်ခွဲမှု တည်ဆောက်ပုံနှင့် နိုင်ငံအလိုက်အဖွဲ့များ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ပုံစံတို့ ကွဲပြားခြားနားနေခြင်း ပြဿနာကို လာမည့် စီမံကိန်းတိုင်းတွင် ဖြေရှင်းသင့်သည်။

၁၇.စီမံကိန်း ဆိုင်ရာ မဟာဗျူဟာသတ်မှတ်ချက်နှင့် အရည်အသွေး သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ စီမံကိန်း စီမံခန့်ခွဲမှု ဝန်ထမ်းများ ပိုမို ပါဝင်ဆွေးနွေးနိုင်ရန် လက်ရှိ လုပ်ငန်းဆောင်ရွက်မှုနှင့် တာဝန်ခံမှု အလုပ်ဝန်ကို လျှော့ချနိုင်ရန်ဖြစ်စေ၊ ပြန်လည် ခွဲဝေဖြန့်ကျက်နိုင်ရန်ဖြစ်စေ Oxfam က အဖွဲ့တွင်းရော အလှူရှင်များနှင့်ပါ ဆွေးနွေး နည်းလမ်းရှာသင့်သည်။

၁၈.IP2 အတွင်း  ရေအရင်းအမြစ် စီမံအုပ်ချုပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ နယ်ပယ်များတွင် IR နှင့် Oxfam တို့ပူးပေါင်းဆောင်ရွက်မှု၊ အမြင်နှင့် စွမ်းရည်ဖလှယ်မှုတို့ လုပ်ဆောင်နိုင်ခြင်း၏ အကျိုးကျေးဇူးများကို အသိအမှတ်ပြုပြီးလာမည့် စီမံကိန်း အဆင့်တိုင်းတွင် ဆက်လက် ကျင့်သုံးသင့်သည်။ ထို့ပြင် SDC နှင့် DFAT တို့ ထောက်ပံ့သော အခြား စီမံကိန်းများနှင့် စနစ်တကျ ထည့်သွင်းချိတ်ဆက်နိုင်အောင်လည်း နည်းလမ်း ရှာသင့်ပါသည်။

**Oxfam in Cambodia**
The Point, 3F, No. 113C, Mao Tse Tung Blvd.,
Tuol Svay Prey I, Beung Keng Kang, Phnom Penh, Cambodia

(855) 23885 412 / (855) 23885413

Info.Cambodia@oxfam.org

asia.oxfam.org